ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့ (21-2-2011) (ဖေ၈၂)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မဟာရွှေစည်ကြီး စေတီတော် အရှေ့ဘက်မုခ်ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်းနှင့် ပန်းတို့ကို ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း

ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ကောဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် ကောဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် မဟာရွှေစည်ကြီးစေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိ စသည့် ဆရာတော်ကြီးများ အမှူးပြုတော်မူသော သံဃာတော်အရှင်သူမြတ် ၄၅ ပါး ကြွရောက်တော်မူကြပြီး ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ရဲအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ တိုင်းဒေသကြီး၊ ရွှေဘိုခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ●

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်ထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အမှူးပြုသော ပရိသတ်များ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၁-၂-၂၀၁၁
(တနင်္လာနေ့)

တစ်ကိုယ်ရေကျန်းမာမှု အစဉ်ဂရုပြု

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းဂရုပြုကြရမည့် အချက်ဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများရောဂါဘယကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး ပညာပေးဗဟုသုတများ၊ အချိန်ရာသီအလိုက် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပေးလျက်ရှိရာ ပြည်သူများအပိုင်းက စနစ်တကျလိုက်နာနေထိုင်သွားလာကြရပေမည်။

ယခုအချိန်သည် ရာသီဥတုပူပြင်းလာသဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်းတို့ ဖြစ်နိုင်သည်။ ရေများများသောက်ခြင်း၊ ဓာတ်ဆားရည်သောက်ခြင်းများ ပြုလုပ်သင့်သည်။ နေပူထဲမှ ပြန်လာပြီး ချက်ချင်းရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ ရေခဲရေဖြင့်မျက်နှာသစ်ခြင်းတို့ မပြုလုပ်မိစေရန် သတိပြုဆင်ခြင်ကြရပေမည်။

အပူဒဏ်ကြောင့် မလိုလားအပ်သည့် အကျိုးဆက်များမဖြစ်ပေါ်စေရန် နေ့ခင်းဘက်တွင် အပြင်ထွက်သည့် အခါတိုင်း ထီး၊ ဦးထုပ်များဆောင်းခြင်း၊ အလင်းရောင်ပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များ၊ ပွပွချောင်ချောင်အဝတ်အထည်များ ဝတ်ဆင်ခြင်းတို့ ပြုလုပ်ကြရပေမည်။ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာများ၌ နားနေသင့်သည်။

ကျန်းမာရေးလုပ်ငန်းများသည် လူတိုင်းနှင့်သက်ဆိုင်သဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိသုံးစွဲရေး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရပေမည်။ ထို့အတူ ကျန်းမာရေး သတိပေးနှိုးဆော်ချက်များကိုလည်း လိုက်နာကြရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး လုပ်ငန်းများကို ဆယ်စုနှစ်များစွာ ဇောက်ချလုပ်ကိုင်လျက်ရှိသည်။ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ကုသမှုလုပ်ငန်းများနည်းတူ ရောဂါကြိုတင်ကာကွယ်ရေးသည်လည်း အရေးပါသည်။ တစ်ကိုယ်ရေသန့်ရှင်းစွာ နေထိုင်ခြင်း၊ မိသားစုဝင်အားလုံး လိုက်နာကျင့်သုံးနေထိုင်ကြခြင်း၊ အိမ်ထောင်စုအလိုက် အိမ်တွင်း အိမ်ပြင် သန့်ရှင်းရေးလုပ်ငန်းများ နေ့စဉ်လုပ်ဆောင်ကြခြင်းဖြင့် ကူးစက်တတ်သည့်ရောဂါဖြစ်ပွားခြင်းတို့မှ ကာကွယ်နိုင်မည်ဖြစ်သည်။

ပြည်သူများအားလုံးက တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထား၍ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ သန့်ရှင်းသည့် အစားအစာများစားသုံးခြင်း၊ စားကြွင်းစားကျန်များ စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်းနှင့် ကျန်းမာရေးသတိပေးနှိုးဆော်ချက်များနှင့်အညီ လိုက်နာနေထိုင်ကြခြင်းဖြင့် လူတိုင်းကျန်းမာခြင်းသုခနှင့် ပြည့်စုံနေကြမည်ဖြစ်ပါသည်။ ။

အိမ်ရာနှင့်အဆောက်အအုံပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့် အဆောက်အအုံပြပွဲ-၂၀၁၁) ကို မတ် ၃ ရက်မှ ၆ ရက် အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

ပြပွဲတွင် Shine Group of Companies မှ အရစ်ကျငွေပေးချေမှု/အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခြင်း စနစ်များဖြင့် အိမ်ရာအရောင်းပြခန်းများ၊ Kaung Myat Zaw Co.,Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် အိမ်အမိုးပြားအမျိုးမျိုး၊ So Su Co Sanitary Ware/ COTTO Tile များ၊ Home Plus မှ အိမ်တွင်းအလှဆင် ပစ္စည်းအမျိုးမျိုး၊ Cool Speed မှ အပူခံဆေးများနှင့် United Asia Co.,Ltd. မှ Aux တံဆိပ် Aircon များ၊ Myat Kan Moe/ ELBA/ Crown Electronics/Fudak/ JBS Electronic နှင့် Treasure Place Company မှ Pensonic အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများ၊ KMD/NCTC တို့မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Timberland/Lin Win/Gold Coil/ Osim /စိန်နှင့်မြ/ Ocean Glory/ရွှေပင်ငွေပင်တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံး၊ ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways မှ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ Ever Live မှ Nahm တံဆိပ် ရေချိုးခန်းသုံး ပစ္စည်းအမျိုးမျိုး၊ K& DL Co.,Ltd. မှ ဆောက်လုပ်ရေးနည်းပညာသုံးပစ္စည်းများ၊ MNZ မှ နောက်ဆုံးပေါ် ငွေရေစက်များ၊ Caribbian တံဆိပ် ရေသန့်စက်များ၊ Sin Pauk Trading Co.,Ltd/Uniteak/Home Distribution Group/ Parami Trading Co.,Ltd./ Maruartတို့မှVinyl ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K-Company မှ မီးဖိုချောင်သုံး ပစ္စည်းအမျိုးမျိုး၊ The One PE Tank မှ ကိုရီးယားနိုင်ငံထုတ် ရေတိုင်ကီအမျိုးမျိုး၊ United Lighting မှ အိမ်တွင်းအလှဆင် မီးဆိုင်းအမျိုးမျိုး၊ Tractor King မှ Generator နှင့် Machinery များ၊ ငွေကြယ်စင်မှ မော်တော်ယာဉ် အသစ်အဆန်းအမျိုးမျိုး ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆-၂၆၀၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မီး သတိပြု

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရန်ကုန်မြို့ အင်းစိန်မြို့နယ် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး ဒသမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် အဆိုပါရုပ်ပွားတော်မြတ်ကြီးတန်ဆောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍောသနထံမှ တိုင်းမှူး အမှူးပြုသော ဧည့်ပရိသတ်အပေါင်းက ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍောသနထံမှ အနုမောဒနာတရားနာယူကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တာဝန်ရှိသူတို့သည် ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ကြသည်။

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပသည့် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့က မျက်စိစမ်းသပ်ကုသနေမှုကို ကြည့်ရှုအားပေးပြီး စစ်သည်မိသားစုဝင်များအား မျက်မှန်များတပ်ဆင်ပေးကာ မျက်စိအထူးကု ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍တိုင်းမှူးသည် တပ်မတော်ခန်းမ၌ ကျင်းပသည့် Automobile & Living Products Show ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပစ္စည်းအမျိုးမျိုးတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူများ Automobile & Living Products Show ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ သားကြီး ကိုတင်မောင်ဆွေအား ရည်စူး၍ ကေတုမာလာရိပ်သာ (၄)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ရန်ကုန်မြို့နေ ဦးချစ်ဆွေ-ဒေါ်တင်တင်ဝင်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော ခြောက်ထပ် သံဃာ့ဆေးကုသဆောင်သစ်ကြီး သံဃာကုဋီအခန်းတစ်ခန်းနှင့် သံဃာရေချိုးခန်း တစ်ခန်းတို့အတွက် အလှူငွေကျပ် ၂၅ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာ ဦးလှမြင့် လက်ခံစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြင့်မားရေး ဟောပြောပွဲနှင့် စာဖတ်ပြိုင်ပွဲများ လားရှိုးမြို့နယ်၌ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကျင်းပသော ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေး၊ စာဖတ်ရှိန်မြင့်မားရေးဟောပြောပွဲနှင့် စာဖတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၀ နာရီတွင် ဟိုပိတ်ကျေးရွာ ပညာ့အလင်းစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာစာကြည့်တိုက်ကော်မတီဝင် ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းအောင်ဖူးက အမှာစကားပြောကြားပြီး လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ညွန့်က စာဖတ်ရှိန်မြင့်မားဖို့ စာအုပ်စာပေလေ့လာစို့ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ထို့နောက် စာဖတ်ဝိုင်းနှင့်စာဖတ်ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုးစာအုပ်မှ မောင်ဆုရှင်၏စာဖတ်ကြရေး မေတ္တာစာဆောင်းပါးဖတ်ခြင်းကို လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျောင်းသား၊ ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြပြီး အကောင်းဆုံး စာဖတ်နိုင်သူသုံးဦးကိုရွေးချယ်၍ ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက်တွင် တာပုံကျေးရွာအုပ်စု နားဖကျေးရွာရှိ ပညာ့အလင်းစာကြည့်တိုက်၌ စာဖတ်ဝိုင်းနှင့် စာဖတ်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

IT ပညာဖွံ့ဖြိုးတိုးတက်ရေး စာမေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာနိုင်ငံတွင် IT ပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်(MCF)က ကြီးမှူး၍ ITPEC စာမေးပွဲများမှ Fundamental IT Engineer Exam. နှင့် IT Passport Exam.များကို ၂၀၁၁ ခုနှစ် မေ ၁ ရက်တွင် ကျင်းပစစ်ဆေးမည်ဖြစ်သည်။

ဖော်ပြပါစာမေးပွဲများသို့ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး IT စိတ်ပါဝင်စားသည့် ကျောင်းသား၊ ကျောင်းသူများ၊ IT knowledge အခြေခံရှိသူများ၊ လက်တွေ့နယ်ပယ်တွင် IT ပညာရပ်ကို အသုံးပြု၍ လုပ်ငန်းလုပ်ကိုင်နေသူများ အားလုံးဖြေဆိုနိုင်သည်။

စာမေးပွဲဖြေဆိုလိုသူများသည် လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း-၆၅၂၃၀၇နှင့် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဖုန်း-၆၅၂၂၇၆ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မော်လမြိုင်ကောလိပ်(၁၉၇၅-၇၉)သတ္တဗေဒ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မော်လမြိုင်ကောလိပ် (၁၉၇၅-၇၉) သတ္တဗေဒကျောင်းသား၊ ကျောင်းသူများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် M-3 Food Center (ဗဟန်းအားကစားကွင်း)၌ ကျင်းပမည်ဖြစ်သည်။ မိတ်ဆုံစားပွဲကို (Golden Beach Hotel) ချောင်းသာကမ်းခြေ၌ ကျင်းပမည်ဖြစ်ရာ မတ် ၁၈ ရက် (သောကြာနေ့)ည ၈ နာရီ တွင် ရန်ကုန်မှ ချောင်းသာကမ်းခြေသို့ ထွက်ခွာမည်ဖြစ်သည်။ သူငယ်ချင်းများအားလုံး လိုက်ပါရန်နှင့် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထားပြီး စာရင်းပေးပို့ရန်နှင့် အလှူငွေများကို လှူဒါန်းလိုပါက ကိုခင်မောင်လွင် ဖုန်း-၇၀၄၇၈၇၊ ၀၉-၅၀၂၁ ၈၆၄၊ ကိုလှမြင့် ဖုန်း-၇၃၀၂၄၇၃၆၊ မကြည်စိန်း ဖုန်း-၅၂၆၉၂၀၊ ၇၃၁၀၇၅၁၉၊ ကိုပြုံးချို ဖုန်း-၀၅၂-၂၂၀၈၁၊ ကိုမြင့်ဆွေ ဖုန်း-၀၉-၅၁၀၀၂၅၇၊ ကိုအောင်ခင် ဖုန်း-၀၅၇-၂၃၀၈၈၊ မအေးအေးနွယ် ဖုန်း-၀၅၇-၂၂၅၃၆နှင့် မဝင်းဝင်းငွေ ဖုန်း-၀၉-၅၃၂၀၈၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို

ဖူးမြော်ကြည်ညို

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော် သံဃာတော်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့ ဖူးမြော်ကြည်ညို ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၀

မန္တလေးမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်းတို့သည် မန္တလေးတိုင်း ဒေသကြီးအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အတွင်းရှိ ဗန်းမော်ကျောင်းတိုက်သို့ ရောက်ရှိကြသည်။

ကပ်လှူပူဇော်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဗန်းမော်ကျောင်း တိုက်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ယွန်းဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသအမှူးပြုသော ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် ဆရာတော်ကြီးအား ဗန်းမော်ကျောင်း တိုက်နှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မေးမြန်းလျှောက်ထားပြီး ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုသည်။

(သတင်းစဉ်)

ကမ္ဘာ့အပါးလွှာဆုံး မော်နီတာရောက်ပြီ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

AOC Monitor သည် နိုင်ငံတကာ တွင် အသုံးပြုနေသော နာမည်ကြီး Monitor များကိုသာ ထုတ်လုပ်ပေးနေ သည့် ကမ္ဘာ့အကြီးဆုံး စက်ရုံကြီး၏ မူပိုင် တံဆိပ်ဖြစ်သည်။ နည်းပညာအမြင့်မား ဆုံးနှင့်အရည်အသွေးကို အကောင်းဆုံး ထိန်းချုပ်ထားသောကြောင့် AOC Monitorသည် ယခုလက်ရှိအချိန်အထိ ကမ္ဘာ့နံပါတ်တစ်နေရာကို ရရှိထားသည်။ ယခုအခါ Star Universe Company က 2010 နှစ်ကုန်ပိုင်းမှ စတင်၍ မြန်မာ ပြည် တစ်ဦးတည်းကိုယ်စားလှယ်ယူ၍ တင်သွင်းဖြန့်ချိခဲ့ခြင်း ဖြစ်သည်။

AOC မှ Monitor ၏ မျက်နှာပြင် အထူ 12.9mm ခန့်သာရှိသည့် ကမ္ဘာ့ အပါးလွှာဆုံးသောMonitorကို ထုတ်လုပ် နိုင်ခဲ့သည်။ ထိုကဲ့သို့ အစဉ်အလာကောင်း ခဲ့သော AOC မှ ထုတ်လုပ်သည့် e943 Fw LED monitor သည်ဒီဇိုင်းဆန်းသစ် လှပပြီး Performance အား အလွန် ကောင်းသော monitor တစ်လုံးဖြစ် သည်။ သင်တုန်းဓားသာသာအရွယ်ရှိ LED မီးလုံးလေးများဖြင့် ဖွဲ့စည်းထားပြီး monitor ၏ထုထည်သည် 12.9mm သာရှိသည်။ Screen Size (18.5")၊ Display area; 409.8 (H) ×23.4 (V)mm ကျယ်ပြီး Dynamic Contrast ratio : 50000000:1 ရှိသော ကြောင့် ရုပ်ထွက်ကြည်လင်ပြတ်သားမှုကို အပြည့်အဝခံစားရမည် ဖြစ်သည်။

e2043 F LCD monitor သည် e943 Fw နှင့်တူညီသော်လည်း Screen Size 20" ရှိပြီး Resolution 1600×900@ 60Hz ရသည်။ AOC Monitor များကို Warranty အနေဖြင့် 3year Part & Service သတ်မှတ်ပေးထား သည်။ AOC Monitor များကို ဝယ်ယူ လိုပါက ရန်ကုန်မြို့ ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာပစ္စည်းအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီး ဖုန်း-၄၃၀၀၁၃နှင့် ၇၃၀၅၆၀၁၅ တို့သို့ ဆက်သွယ်မေးမြန်း နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သာဂရစက်မှုနယ်မြေရှိ စက်ရုံနှင့် တည်ဆောက်ရေးလုပ်ငန်းများ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့တွင် ပဲခူးတိုင်း ဒေသကြီး သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) အထွေထွေအကြီးစား စက်ရုံ ၌ 6V 128ZC, 8V 128 ZC နှင့် 12V 128 ZC အင်ဂျင်များ ထုတ်လုပ် နေမှုကို လည်းကောင်း၊ အမှတ်(၁၅) အထွေထွေ အကြီးစားစက်ရုံ၌ Mini Excavator ထုတ်လုပ်နေမှုကို လည်း ကောင်း၊အမှတ်(၂၆)အထွေထွေအကြီးစား စက်ရုံ၌ 2000 kW Francis Turbine and Generator, Boiler နှင့် 300 kVA Generator ထုတ်လုပ်နေမှု ကို လည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ သာဂရစက်မှုနယ်မြေ၌ 2200-2700 HP Diesel Engine နှင့်6200-7000 HP Diesel Engine များ ထုတ်လုပ်နိုင်ရန် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် အကြီးစား ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို သွား ရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက် ရေးလုပ်ငန်းများကို ကြိုးစားအကောင် အထည်ဖော်ကြရန်နှင့် အလေးထား ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

မြန်မာပို့စ်ဂျာနယ် အတွဲ (၃)၊ အမှတ်(၈) ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက် မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်း ထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိ လိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် မြန်မာ့အထည် ချုပ်လုပ်ငန်း ပြန်လည်ရှင်သန်နိုးထလာပြီ၊ နိုင်ငံသားများ၏ တာဝန်များ ဘယ်လို ရှိသလဲ၊ ကျောက်ကောင်းရှာ၍ အရောင် တင်ပါစသည့် မျက်နှာဖုံးဆောင်းပါးများ၊ မြန်မာ့ကျောက်မျက်ပြပွဲသို့ ကျောက်မျက် လုပ်ငန်းရှင်များ ပိုမိုလာရောက်မည်ဟု မျှော်မှန်း၊ ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့ ကုန်းတွင်းပိုက်လိုင်းသွယ်တန်းရေး ကမ်းခြေ လုပ်ငန်းဆောင်ရွက်မည်၊ တစ်နေ့လျှင် ဓာတ်ငွေ့ ကုဗပေ ၂ ဒသမ ၁ သန်း ထုတ်လုပ်နိုင်သော ဓာတ်ငွေ့သိုက် တစ်ခု တွေ့ရှိ၊ ကန်ထရိုက်တိုက်ဆောက်မည် ဆိုလျှင်သတိထား၊ ပို့ဆောင်ဆက်သွယ် ရေးကဏ္ဍ၌ မြန်မာအပါအဝင် အာဆီယံ နိုင်ငံများအား ဂျပန်ကူညီမည်၊ မြန်မာနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု မြင့်တက်လာမည်ဟု အိန္ဒိယမျှော်မှန်း စသည့် မျက်နှာဖုံးသတင်းများနှင့် လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် မြန်မာ-ဘရူနိုင်း ပူးပေါင်း ဆောင်ရွက်မှုများ အရှိန်အဟုန်မြင့်တင် မည်၊ မြန်မာနိုင်ငံတွင် ဓာတ်ငွေ့သိုက် တွေ့ရှိမှု ၁၀နှစ်အတွင်း နှစ်ဆမြင့်တက်၊ သီတဂူဆရာတော်ကြီးမှတစ်ဆင့် မြေပုံ မြို့နယ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများအတွက် ကျပ်သိန်း ၁၀၀ လှူဒါန်း၊ စစ်ကိုင်းပြတ်ရွှေ့ကြောရှိ ဒေသ သုံးခုတွင် ငလျင်သုတေသနပြုလုပ်မည် စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပြည်တွင်း ပြည်ပခရီးသွားလာမှု စဉ်ဆက် မပြတ် တိုးတက်ရေး ပုဂံညောင်ဦးနှင့် ပုပ္ပားနယ်မြေခရီးသွား အတွေ့အကြုံ ဆောင်းပါးများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ သာကေတမြို့နယ် အမှတ်(၃၇)အခြေခံပညာမူလတန်းကျောင်း၏ သတ္တမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (စနေနေ့)က အဆိုပါကျောင်း၌ကျင်းပရာ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ကြစဉ်။

(ကြေးမုံ)

သက္ကလစံပြကျေးရွာတွင် စာပေဟောပြော

ပဲခူး ဖေဖော်ဝါရီ ၂၀

ပဲခူးခရိုင် ကဝမြို့နယ် သက္ကလစံပြ ကျေးရွာ အထက်တန်းကျောင်း၏ အာစရိယပူဇော်ပွဲနှင့် ပထမအကြိမ် စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၅ရက် ည ၇နာရီက အထက ခန်းမဆောင်၌ ကျင်းပသည်။

စာပေဟောပြောပွဲအခမ်းအနားတွင် စာရေးဆရာ ညွန့်ဟန်(ကြူတော)၊ စာရေး ဆရာ လယ်တွင်းသားစောချစ်နှင့် စာရေး ဆရာနွမ်ဂျာသိုင်းတို့က စာပေရေးရာ သုတအဖြာဖြာကို အကျယ်တဝင့် ဟောပြောကြသည်။ စာပေဟောပြောပွဲကို သက္ကလစံပြကျေးရွာ အထကကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် စာပေ ဝါသနာရှင်များ တက်ရောက်ကြကြောင်း သိရသည်။ (၄၀၃)

အထက(၃) စမ်းချောင်း မြတ်ဆရာပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

အထက(၃)စမ်းချောင်းတွင် တာဝန် ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့် အငြိမ်းစား ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာကြီး၊ ဆရာမကြီး ၆၅ ဦးတို့အား (၁၂)ကြိမ်မြောက်ပူဇော်ကန်တော့မည်ဖြစ်ပါ၍ ၁၉၄၁ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ပညာ သင်ကြားခဲ့သော ကျောင်းသားဟောင်း များမှ မြတ်ဆရာပူဇော်ကန်တော့ပွဲကို မတ် ၂ရက် (ဗုဒ္ဓဟူးနေ့) (တောင်သူ လယ်သမားနေ့) နံနက် ၉နာရီတွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ် နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို လည်း ထိုနေ့တွင် သီးခြားကန်တော့မည် ဖြစ်ပါသည်။ ပါဝင်လှူဒါန်းလိုသူများသည် ဦးအေးသိန်း ဖုန်း-၅၀၄၈၀၈၊ ဦးကံသာ ဖုန်း-၅၂၇၃၂၆၊ ဦးခင်ဝင်း ဖုန်း-၅၃၉၈၄၆၊ နှင်းဝေငြိမ်း ဖုန်း-၀၉-၅၀၅၉၁၄၃၊ ဒေါ်ကြည် ကြည်ထွေး ဖုန်း-၀၉-၈၀၂၁၃၂၆၊ ဒေါ်သီ သီရွှေ ဖုန်း-၅၁၀၆၄၆၊ ရွှေဇီဝ ဖုန်း-၀၉-၅၁၄၉၅၃၃၊ ဦးအောင်သိန်း ဖုန်း-၅၁၀၆ ၆၃၊ ဒေါ်စုလှိုင်မိုး ဖုန်း-၅၁၀၄၀၃၊ ဦးဇော် လွင် ဖုန်း-၅၁၀၇၂၈၊ ဦးကျော်ဆန်းရွှေ ဖုန်း-၅၀၄၂၀၀၊ ဒေါ်ဆွေစင်လတ် ဖုန်း-၅၃၆၁၅၆နှင့် ဦးနန်းအောင်ကြည် ဖုန်း-၀၉-၅၁၉၇၇၃၉တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ (ကြေးမုံ)

● **ရှေ့ဖုံးမှ**

အခမ်းအနားမစတင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နံနက် ၅ နာရီတွင် မဟာရွှေစည်ကြီးစေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အရှေ့ဘက်မုခ်ရှိ မဟာမုနိဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ သစ်သီး၊ ရေချမ်းနှင့် ပန်းတို့ကို ဆက်ကပ်လှူဒါန်းကာ ဖူးမြော်ကြည်ညိုကြသည်။

အနေကဇာတင်

ထို့နောက် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာအခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ကျင်းပရာ သံဃာတော် အရှင်သူမြတ် ၄၅ ပါးတို့က မဟာရွှေစည်ကြီးစေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်ရှိ သာသနာ့ဗိမာန်တော်၌ သံဃာတော်အရှင်သူမြတ်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့် အဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် မဟာရွှေစည်ကြီးစေတီတော်သို့ ရောက်ရှိကြပြီး အေးမြစိုးဖော်ဒေးရှင်းမှ မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဧရာဝတီဘဏ် မိသားစုက မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းသို့ လှူဒါန်းသော လူနာတင်ယာဉ်တစ်စီးကို ဧရာဝတီဘဏ်မိသားစုကိုယ်စား ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေးတို့က မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်အေးထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့်ဇနီး ဒေါ်နန်းသန်းထွေးနှင့် မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းဥက္ကဋ္ဌဦးတင်အေးတို့သည် လူနာတင်ယာဉ်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် လူနာတင်ယာဉ်အား ကြည့်ရှုလေ့လာကြသည်။

ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော်၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အလှူတော်မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့်ဇနီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများသည် ဆရာတော်သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဒေသထုံးတမ်းစဉ်လာနှင့်အညီ လောင်းလှူကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဆွမ်းဆန်စိမ်းလောင်းလှူကြသည့် ဒေသခံပြည်သူများ၊ လူမှုရေးနှင့် ဘာသာရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်ချမင်္ဂလာအခမ်းအနားကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အခမ်းအနားမှူး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးထင်လင်းက အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

ဧရာဝတီဘဏ်မိသားစုမှ မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းသို့ လှူဒါန်းသော လူနာတင်ယာဉ်တစ်စီးကို ဧရာဝတီဘဏ်မိသားစုကိုယ်စား ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ဒေါ်နန်းသန်းထွေးတို့က မဟာရွှေစည်ကြီးစေတီတော် လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးတင်အေးထံသို့ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ဆင့်ပွားသင်တန်း ဟသ်ာတမြို့နယ်၌ ဖွင့်လှစ်

ဟသ်ာတ ဖေဖော်ဝါရီ ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း ဆင့်ပွားသင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ဟသ်ာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက အမှာစကားပြောကြားပြီး ဆက်လက်၍ ၂၀၁၀ ခုနှစ် ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် လယ်ယာသန်းခေါင်စာရင်း ကောက်ယူမည့် လုပ်ငန်းအစီအစဉ်များကို ဟသ်ာတခရိုင် မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုအဖွဲ့ဝင်များ၊ လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီဝင်များ၊ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၌ ပါဝင်ဆောင်ရွက်ကြမည့် ခရိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးနှင့် မြေတိုင်းစာရေး စုစုပေါင်း ၆၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၈၆)

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့မကျောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကိုကိုအောင် ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမင်း ကွင်းဆင်းကြီးကြပ်စဉ်။
(မြို့နယ်စည်ပင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၂-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ ဟောကြားတော်မူသော တရားတော်"
- ၆း၃၀ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်. . ဖားအောက်တောရစခန်းမှသည်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၂၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၃၈)**
- ၈း၃၅ ကျေးဇူးဂုဏ်ရှင်ဆရာသခင် (တောင်စွန်း အထက မြတ်ဆရာပူဇော်ပွဲ)
- ၈း၅၀ Activities In The City -(အမျိုးသမီးများကိုလှစေမှာ Lora) (Ptt Lubricants၏Dealer ဆိုင်ကြီးများအားကျေးဇူးတင်ဂုဏ်ပြုပွဲအခမ်းအနား)
- ၉း၁၅ နှင်းရည်သန့်နှင့်စိမ်းလဲ့လဲ့တို့၏ တေးစီးရီးမိတ်ဆက်
- ၉း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (မျက်စိအတွင်းတိမ်ရောဂါ အကြောင်းသိကောင်းစရာ)
- ၁၀း၀၀ ဂါရဝဖြင့်ဦးညွှတ်ချီဆရာများ၏ ကျေးဇူးဂုဏ်ရည်(အထက-၂၊ သာကေတမြတ်ဆရာပူဇော်ပွဲ)
- ၁၀း၁၅ စာအုပ်စာပေလှူမိတ်ဆွေ "စာရေးဆရာမဒေါက်တာ နိုက်တင်ဂေလ်းနှင့် တွေ့ဆုံဆွေးနွေးခန်း"
- ၁၀း၂၅ The Champion of Dance
- ၁၁း၁၅ စာအုပ်ပြခန်း(teen magazine)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂း၁၀ Activites In The City ["ပ"သုံးလုံးဝိပဿနာအဖွဲ့ချုပ်၏ ရဟန်းတော်များ(ဆရာဖြစ်) သင်တန်းဆင်းပွဲ]
- ၁၂း၂၀ Celebrity Choice (Too Big)
- ၁၂း၅၀ ရွှေကျင်မြေတွင်တည်ထားပူဇော် ဆံတော်ရှင်အရှေ့မဟာဗုဒ္ဓ ဘုရားကြီး(ခေါ်)မွေတော်မွန်ဓရာဇ် စေတီတော်
- ၁း၀၀ "ဆရာတော်ဓမ္မဒူတ အရှင်ပညာဝရ ဟောကြားတော်မူသော တရားတော်"
- ၁း၄၅ သက်ဝင်လှုပ်ရှားရသရုပ်လုံး ရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ FMF Selection
- ၂း၅၀ မုဒိတာတန်ဖိုးနည်းကွန်ဒိုအိမ်ရာ စီမံကိန်းစာနယ်ဇင်းရှင်းလင်းပွဲ
- ၃း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၁)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၃၈)**
- ၄း၄၀ အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများ၏ စက်အရန်ပစ္စည်းများပြပွဲ
- ၅း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၅ ဗီဒီယိုပြခန်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [ခင်မောင်ညို(ဘောဂ)၊ မျိုးမြတ်သူ]
- ၆း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၂၂)**
- ၇း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Traders Hotel ၏ 14th Annual Staff Party)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ပူတာကောင်းတယ်၊ အေးတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၃၉)**
- ၁၀း၁၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၀ (၁၉၈၀-၈၅)ဆေး-၁၊ရန်ကုန်၏ ငွေရတုပူဇော်ကန်တော့ပွဲ
- ၁၁း၄၅ တောင်ပေါ်ကမ္ဘာမှအပန်းဖြေ နားခိုရာများ
- ၁၁း၀၀ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ[ဒေါက်တာ အေးကျော်(ဇီဝကမ္မဗေဒ)]
- ၁၁း၃၀ စျေးဝယ်လမ်းညွှန် (ဝါရွှေစင်ပိုးထည်)
- ၁၁း၅၀ အဆီအနှစ်ပြည့်ဝသောသဘာဝ အရသာနန်းဝေနို့မှုန့်မှာ
- ၁၂း၁၀ အမျိုးသမီးများအတွက် Queen's Rose Centre
- ၁၂း၂၅ ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး)(ဒါရိုက်တာ သိန်းဟန်-ဖိုးနစ်)
- ၁၂း၃၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
- ၁၂း၅၅ Celebrity Profile (Justin Timberlake)
- ၁း၃၀ Box Office Movies(300)
- ၂း၀၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
- ၂း၂၀ အထင်
- ၂း၄၀ ဒို့တိုင်းဌာနီဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းများ)
- ၃း၀၅ ကဏ္ဍစုံလင်အား ကစားအစီအစဉ်
- ၄း၀၅ Hair Style For All (အမျိုးသား၊ အမျိုးသမီး)
- ၄း၂၀ တောင်ပေါ်လက်ဖက် နတ်သစ်ရွက်
- ၄း၃၀ ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်
- ၄း၄၅ မပြုမပြင်သဘာဝအသွင် ကျန်းမာရေးအတွက်မြကျောက်ရေစင်
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၅	West Ham-Burnley	STAR SPORT (Live)

❍ စာမျက်နှာ ၄ မှ

ထို့နောက် နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ကြ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ငါးပါးသီလခံယူ

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ဒေသခံမြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဌာနဆိုင်ရာတာဝန်ခံများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ရန်ကုန်မြို့ ခြောက်ထပ်ကြီး ဘုရားကြီးတိုက် သာသနာ့နုဂ္ဂဟ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမိန္ဒသာမိက ရေစက်ချ တရားတော်ကို ဟောကြားတော်မူပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကြ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

အလှူရှင်များ၊ ဌာနဆိုင်ရာ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဆရာတော်သံဃာတော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ ဆရာတော်သံဃာတော်တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၁-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၂၀ ၅။ ဓမ္မပူဇာတေး
- ၇း၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇း၃၀ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၅ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ စိုက်ပျိုးသုတ
- ၄း၂၅ ၇။ ရန်သူမီး
- ၄း၃၀ ၈။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၅၅ ၉။ လျှပ်တစ်ပြက်
- ၅း၀၀ ၁၀။ ဗွီစီဒီကျော်ကြားတေး
- ၅း၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် (အပိုင်း-၁၇)**
- ၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၅။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၁)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ Talk of The Town
- ၂၂။ မေးမြန်းစူးစမ်း
- ၂၃။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၉)**
- ၂၆။ Mini Series
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

အမ်ဘီအေ (MBA) ဘွဲ့ရများ၏ ၂၀၁၁ ခုနှစ် မိတ်ဆုံညစာစားပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အမ်ဘီအေ သင်တန်းစတင်ခဲ့သည့် ၁၉၉၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ အချိန်ပြည့်နေ့သင်တန်းနှင့် ညသင်တန်းများမှ အမ်ဘီအေဘွဲ့ရရှိခဲ့သူများ၊ ကျောင်းသားများ၏ စုံညီမိတ်ဆုံညစာစားပွဲ(စတုတ္ထအကြိမ် ၂၀၁၁ ခုနှစ်)ကို မတ် ၅ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium Hotel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

အမ်ဘီအေသင်တန်းများတွင် ပို့ချခဲ့၊ ပို့ချဆဲဖြစ်သော ဆရာကြီး၊ ဆရာမကြီးများအား တွေ့ဆုံဂါရဝပြုရင်း မိတ်ဆွေသူငယ်ချင်းများ ပြန်လည်တွေ့ဆုံကာ ချစ်ခင်ရင်းနှီးစွာ ဆက်သွယ်ပေါင်းစည်းနိုင်ရန် ရည်ရွယ်၍ စီစဉ်ကျင်းပကြောင်း သိရှိရသည်။

စုံညီမိတ်ဆုံပွဲသို့ အမ်ဘီအေမိသားစုဝင်အားလုံး တက်ရောက်နိုင်ရန် ညစာစားပွဲဖြစ်မြောက်ရေးကော်မတီက နှိုးဆော်ထားသည်။

ညစာစားပွဲဖြစ်မြောက်ရေး ကော်မတီဝင်များဖြစ်သည့် ကိုဝင်းထွဋ်အောင် ဖုန်း-၀၉-၅၀၀၀၄၀၅၊ ကိုချန်ထွဋ် ဖုန်း-၀၉-၅၁၄၆၈၀၉၊ ကိုအောင်မင်း ဖုန်း-၀၉-၅၀၇၅၁၈၁၊ ကိုမင်းဦး ဖုန်း-၀၉-၅၀၀၇၁၆၆၊ကိုသက်လွင်ရွှေ ဖုန်း-၀၉-၈၆၀၀၆၅၅၊ ကိုတင်မောင်ဦး ဖုန်း-၀၉-၅၀၁၇၅၃၁၊ ကိုအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀၂၀၀၇၉၊ မခင်သက်မော် ဖုန်း-၀၉-၅၀၁၁၉၁၃၊ ကိုမောင်မောင်လတ် ဖုန်း-၀၉-၅၀၀၇၂၄၉၊ မခင်သက်ခိုင် ဖုန်း-၀၉-၅၀၀၄၉၁၃၊ ကိုရန်အောင်ကျော် ဖုန်း-၀၉-၅၀၁၂၂၇၀၊ ကိုမြမိုးအောင် ဖုန်း-၀၉-၅၀၂၂၆၇၇၊ ကိုဝင်းထွန်း ဖုန်း-၀၉-၅၀၀၀၆၉၉၊ မချိုသီရိမောင် ဖုန်း-၀၉-၅၀၁၈၅၅၀၊ ကိုကောင်းငြိမ်းစိုး ဖုန်း-၀၉-၂၀၁၇၈၇၁၊ ကိုလှထွန်းဖြူ ဖုန်း-၀၉-၅၀၁၈၈၅၇၊ ကိုခင်မောင်စန်း ဖုန်း-၀၉-၅၁၁၉၀၀၈၊ ကိုနေလင်းဇင် ဖုန်း-၀၉-၅၁၄၈၈၃၉၊ ကိုမင်းသူ ဖုန်း-၀၉-၅၁၂၄၄၂၂ နှင့် ကိုသိန်းဦး ဖုန်း-၀၉-၅၀၁၉၁၈၄ တို့သို့ ဆက်သွယ်၍ ညစာစားပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂုဏ်ပြုလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက်က ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးက မြို့နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၏ ဂုဏ်ပြုလွှာကို ထန်းတပင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးတင့်သို့လည်းကောင်း၊ မြို့နယ် ကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ဦးစိုးတင့်က ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများသို့လည်းကောင်း ဂုဏ်ပြုလွှာများကို အသီးသီး ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

သံတွဲခရိုင်အသင်း (ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သံတွဲခရိုင်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရွှေတိဂုံစေတီ အရှေ့ဘက်မုခ် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် သံတွဲခရိုင်အသင်း ဒေသနယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက် (၇၅)နှစ် ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်း (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ)၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သား သမီးများသည် အမှတ်စာရင်းမိတ္တူနှင့် အိမ်ထောင်စုစာရင်း မိတ္တူတို့ကို ပူးတွဲ၍ ဦးချစ်မောင် ဖုန်း-၀၉-၈၅၉၁၈၅၅၊ ဦးမြမောင် ဖုန်း-၆၄၃၆၂၀၊ ဦးထင်ကျော်လင်း ဖုန်း-၅၁၆၆၅၆၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၆၉၉၉၈၇၊ ဦးသာဒင် ဖုန်း-၇၃၀၁၅၃၇၉နှင့် ဦးအောင်ကျော်ထွန်း ဖုန်း-၇၃၀၁၅၅၂၈ တို့သို့ ဖေဖော်ဝါရီ ၂၁ ရက် နောက်ဆုံးထား ပေးပို့နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အင်းယားမြိုင်လမ်းနေ ဒုတိယဗိုလ်မှူးကြီး သန်းထွဋ်(ငြိမ်း)-ဒေါ်စန်းမြင့် မိသားစုက ဆောက်လုပ်လျက်ရှိသော ဘိုးဘွား ရေလျှောင်ကန်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မဟာရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ ကျင်းပသော ကန့်ဘလူမြို့ရှိ (၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ အခမ်းအနားတွင် သက်ကြီးဘိုးဘွားများအား ရှိခိုးကန်တော့ကြစဉ်။ (သတင်းစဉ်)

☆ ကျောဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

တက်ရောက်

ထို့နောက် မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးတို့သည် ကန့်ဘလူမြို့ ခုတင် (၁၀၀) ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိကြပြီး ပြည်သူ့ဆေးရုံကြီးသို့ အေးမြစိုးဖောင်ဒေးရှင်းမှ လှူဒါန်းသော လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အေးမြစိုးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် အလုပ်အမှုဆောင် အရိုး၊ အကြောအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းတို့က ဆေးရုံကြီးအတွက် လူနာတင်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ရွှန်းက လက်ခံသည်။

နံ့သာပက်ဖျန်း

ယင်းနောက် အေးမြစိုးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လူနာတင်ယာဉ်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် လူနာတင်ယာဉ်အား ကြည့်ရှုလေ့လာကြသည်။

အေးမြစိုးဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးသင်းလှိုင်နှင့် အလုပ်အမှုဆောင် အရိုး၊ အကြော အထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်ဝင်းတို့က ကန့်ဘလူမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံကြီးအတွက် လူနာတင်ယာဉ်တစ်စီးကို ပေးအပ်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာတင်ရွှန်း လက်ခံစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးသည် လူနာဆောင်များ၌ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား ကြည့်ရှုစစ်ဆေးပြီး အားပေးစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ခန်းအတွင်း ပါမောက္ခများနှင့် မျက်စိအထူးကုဆရာဝန်ကြီးများက

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် မျက်စိခွဲစိတ်ပြီး လူနာများအား နေကာမျက်မှန်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

အဖွဲ့အလိုက် မျက်စိခွဲစိတ်ကုသပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ရန်ကုန်မြို့ အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀) မှ မျက်စိအထူးကုဆရာဝန်ကြီး ဒုတိယ ဗိုလ်မှူးကြီးရွှေပါအောင် ခေါင်းဆောင်သော အထူးကုဆရာဝန်များအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြီးမြင့်၊ မျက်စိအထူးကု ဆရာဝန်ကြီး ပါမောက္ခဦးသန်းအောင်၊ ပါမောက္ခ ဦးမြအောင်တို့ ခေါင်းဆောင်သော အထူးကုဆရာဝန်များ ပါဝင်သည့်အဖွဲ့၊ စစ်ဘက် နယ်ဘက်ဆိုင်ရာ မျက်စိအထူးကု အဖွဲ့နှစ်ဖွဲ့သည် တိုင်း၊ ခရိုင်နှင့် မြို့နယ် ကျန်းမာရေးဝန်ထမ်းများ၏ ပူးပေါင်း အထောက်အကူပြုမှုဖြင့် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၈ ရက်အထိ မျက်စိဝေဒနာရှင်များအား အခမဲ့ ကုသပေးခဲ့ရာ လာရောက်ပြသသည့် ရွှေဘိုခရိုင်၊ ကသာခရိုင်၊ မုံရွာခရိုင်၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်၊ တမူး ခရိုင်၊ ဗန်းမော်ခရိုင်နှင့် မြစ်ကြီးနား ခရိုင်တို့မှ မျက်စိဝေဒနာရှင်ပေါင်း ၄၄၅၇ ဦး၊ အကြီးစားခွဲစိတ်ကုသပြီး မျက်စိဝေဒနာရှင်ပေါင်း ၄၂၉ ဦး၊ အသေးစားခွဲစိတ်ကုသပြီး မျက်စိ ဝေဒနာရှင်ပေါင်း ၂၃၈ ဦး၊ မျက်မှန် တပ်ဆင်ပြီး ဝေဒနာရှင်ပေါင်း ၂၅၂၁ ဦးတို့အား ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မဟာ ရွှေစည်ကြီး သာသနာ့ဗိမာန်တော်၌ ကျင်းပသော ကန့်ဘလူမြို့ရှိ အသက် (၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား များအား ပူဇော်ကန်တော့ပွဲ အခမ်း အနားသို့ တက်ရောက်ပြီး သက်ကြီး ဘိုးဘွားများအား ရှိခိုးကန်တော့ကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် သက်ကြီး ဘိုးဘွားများအား ကန်တော့ လက်ဆောင်ပစ္စည်းများကို ပေးအပ် ကြသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ❖

မြန်မာမြားပစ်အားကစားအဖွဲ့ ရွှေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပလျက်ရှိသော ၂၀၁၁ ခုနှစ် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှ ပတ်လည်မြားပစ်ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာမြားပစ် အားကစားအသင်းသည် ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပခဲ့သော ပြိုင်ပွဲများ၌ ရွှေတံဆိပ်ငါးခုနှင့် ကြေး တံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာမြားပစ် အားကစားအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသည့် Compound အမျိုးသား မီတာ(၇၀) အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ၂၀၁၁ မှတ်ဖြင့်ရွှေတံဆိပ်ဆုကို လည်း ကောင်း၊ Compound အမျိုးသမီး မီတာ (၇၀) တစ်ဦးချင်းအမှတ်ပေးပြိုင်ပွဲတွင် အောင်ငြိမ်းက ရွှေတံဆိပ်ဆုကိုလည်း ကောင်း၊ Compound အမျိုးသမီး မီတာ (၇၀) အသင်းလိုက် အမှတ်ပေးပြိုင်ပွဲတွင် ၁၉၄၈ မှတ်ဖြင့် ရွှေတံဆိပ်ဆုကို လည်း ကောင်း၊ Compound အမျိုးသား မီတာ (၇၀)တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရဲမင်းဆွေက ကြေးတံဆိပ်ဆုကို လည်း ကောင်း ဆွတ်ခူးရရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပသည့် Compound အမျိုးသားအသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲ တွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Compound အမျိုးသမီးအသင်းလိုက် ရှုံး/ထွက် ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကို လည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။

မြန်မာမြားပစ်အားကစားအဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်နှင့် ၂၁ ရက်များတွင် တစ်ဦးချင်း ရှုံး/ထွက် ပြိုင်ပွဲများနှင့် Mix Teams ပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင် သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော် တို့တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၁ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်း ဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော ဥသျှစ်ပင်တိုးချဲ့ကွက်သစ်(၃)လမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်း၊ အမှုဆောင်အရာရှိ ဦးစိုးမြင့် နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစောအောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့ အမှတ်(၄)ရပ်ကွက် (၁၀)လမ်း ကတ္တရာလမ်းဖွင့်ပွဲ အခမ်း အနားကို ကျင်းပရာ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သန်းဇော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

အားကစားမြှင့်တင် စိတ်လန်းရွှင်

ဆန့်ကျင်မှူးယစ်ဆေး

❖ စာမျက်နှာ ၆ မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များအား အေးမြစိုးဖောင်ဒေးရှင်း ပညာသင်ဆုရ ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တို့သို့ တက်ရောက်ပညာသင်ကြားနေကြသော ကန့်ဘလူမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများက ဂါရဝပြု ကန်တော့ကြသည်။

ထို့နောက် အေးမြစိုးဖောင်ဒေးရှင်းဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပညာသင်ဆုပေးရခြင်းနှင့်စပ်လျဉ်း၍ ဩဝါဒစကား ပြောကြားသည်။

ယင်းနောက် မန္တလေးဆေးတက္ကသိုလ် ပထမနှစ်သင်တန်းတက်ရောက်နေသော ကန့်ဘလူမြို့ အမှတ်(၄) ရပ်ကွက်မှ မောင်ဟိန်းထက်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မဟာရွှေစည်ကြီး ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ကြပြီး ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာစာရအား ဖူးမြော်ကြည်ညိုကြကာ စာသင်တိုက်၏ လိုအပ်ချက်များကို မေးမြန်းလျှောက်ထား၍ စာသင်တိုက်အတွင်း လှည့်လည်ကြည့်ရှုကြည်ညိုကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တို့အား အေးမြစိုးဖောင်ဒေးရှင်း ပညာသင်ဆုရ ဆေးတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားနေကြသော ကန့်ဘလူမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများက ဂါရဝပြု ကန်တော့ကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း ဧရာဝတီတံတား(ညောင်တုန်း) စက္ကော့ဘူတာရုံ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းသည် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး လုပ်ငန်းတိုးတက်မှု အခြေအနေများ ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ညောင်တုန်းမြို့နယ် စက္ကော့ဘူတာရုံ တည်ဆောက်ရေးလုပ်ငန်းသို့ ကြည့်ရှုစစ်ဆေးပြီး ဓနုဖြူမြို့နယ် တမြာကျေးရွာ၌ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ ဓနုဖြူမြို့ နယ်မြေခံတပ်ရင်းအတွင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘီးလင်းမြို့နယ် သဲဖြူချောင်းကျေးရွာအုပ်စု သပြေနီကျေးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် အလိမ္မာစာကြည့်တိုက်သစ် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က စာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာ၌ ကျင်းပစဉ်။

(မြို့နယ်ပြန်/ဆက်)

အလိမ္မာစာကြည့်တိုက် ပန္နက်တင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

သထုံခရိုင် ဘီးလင်းမြို့နယ် သဲဖြူချောင်းကျေးရွာအုပ်စု သပြေနီကျေးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက်ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီတွင် စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ညွန့်က စာကြည့်တိုက် အဆောက်အအုံအတွက် ပန္နက်တင်ပေးသည်။

အဆိုပါအခမ်းအနားသို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

(၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး စက်ဘီးစီးပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

၂၀၁၁ ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်းဒေသကြီး စက်ဘီးစီးပြိုင်ပွဲကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် စက်ဘီးစီးအားကစားလေ့ကျင့်ရေးကွင်း သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အောက်မြန်မာပြည်) ဦးနော်တောင် တက်ရောက်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အားကစားအသင်း ၁၀ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၁၁ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၂။	နံနက်ခင်းသတင်း
၇း၄၀	၃။	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၅၀	၄။	သံသာချို အေးမင်္ဂလာတေး
၈း၀၀	၅။	"သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၂၀	၇။	အဆိုပြိုင်ပွဲ
၈း၃၀	၈။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၄၀	၉။	International News
၈း၄၅	၁၀။	တေးဂီတအစီအစဉ်
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	အကပဒေသာ
၄း၂၅	၃။	တေးဂီတအစီအစဉ်
၄း၄၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၄း၅၅	၅။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅	၆။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့ဖျော်ဖြေခန်း)
၅း၁၅	၇။	မြန်မာစာ၊ မြန်မာစကား
၅း၃၀	၈။	မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	ဆိုကြမယ်၊ ပျော်ကြမယ်
၇း၀၀	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၁၀)**
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	ကမ္ဘာကျော်သရုပ်ဆောင်များ (အပိုင်း-၁၂)
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ"(အပိုင်း-၄)**
	၁၈။	အစီအစဉ်ပြီး၏။

နိုင်ငံတကာအဆင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်း သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီး သင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်းသင်တန်း)သင်တန်းအပတ်စဉ်အသစ်ကို ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းကာလအတွင်း Sandwich/ Pizza/ Burger/ Hot Dog စသည့် Fast Food ပြုလုပ်နည်းများ၊ Danish/ Puff/ Croissant ပြုလုပ်နည်းများ၊ Soft Bread အမျိုးအစားများဖြစ်သည့် ပေါင်မုန့်မျိုးစုံ၊ French Baguette/ Onion Bread/ Garlic Bread စသည့် Hard Bread ပြုလုပ်နည်းများ၊ Butter Cake/ Choclate Cake/ Muffin စသည့် အလှဆင်ကိတ်နှင့် မွေးနေ့ကိတ်ပြုလုပ်နည်းများ၊ Cookies/ Doughnut/ Sweet Dough/ Eclair စသည့် မုန့်မျိုးစုံပြုလုပ်နည်းများနှင့်အတူ Menu Plan ရေးဆွဲနည်းများ၊ Menu Costing တွက်ချက်နည်းများ၊ စားသုံးသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးနိုင်ရန်အတွက် ဘေးကင်းမှု Food Safety၊ Quality Management of Kitchen Operation စသည်တို့ကို Chartered Institute of Environmental Health နှင့် Educational Institute of the American Culinary Federation မှ Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျသင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။ နိုင်ငံတကာဟိုတယ်ကြီးများတွင် အလုပ်အကိုင်ရရှိရန်အတွက်လည်း အခမဲ့ကူညီပေးသည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် Interview အတွက် ကြိုတင်ပြင်ဆင်မှုများ၊ Pre Interview များကို လေ့ကျင့်ပေးသည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း ဖေဖော်ဝါရီ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃ နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပုလဲမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျ

ကျေးလက်ဒေသ၏ တိတ်ဆိတ်ငြိမ်သက်မှုတို့ကို ဒိုဇာစက်ယာဉ်ယန္တရားကြီး၏ စက်သံက မိုးခြိမ်းသံအလား ဖုံးလွှမ်းသွားသည်။

သတင်းဆောင်းပါး-မောင်မောင်ထွေး (သတင်းစဉ်)

ဓာတ်ပုံ - လှမိုး (သတင်းစဉ်)

နိမိတ်ကောင်း

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်နေ ဒေသခံပြည်သူများအတွက်မူ ဒိုဇာစက်ယာဉ်ယန္တရားကြီး၏ မိုးခြိမ်းသံသည် သူတို့၏ လူမှုစီးပွားဘဝကို

ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက ကျေးရွာချင်းဆက်လမ်းများ လက်ရှိပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားစဉ်။

ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးမည့် ရှေ့တော်ပြေး နိမိတ်ကောင်းပေတည်း။

အမြင်နီးလျက် အလှမ်းဝေး

အဘယ်ကြောင့်ဟူမူ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာများ၏ လမ်းပန်း ဆက်သွယ်ရေးသည် ယခင်ခေတ်အဆက်ဆက်ကတည်းက အမြင်နီးသော်လည်း အလှမ်းဝေး၏။ ပုံတောင်၏ တောင်ရိုး တောင်စွယ်များအပိုင်းတွင် ပါဝင်သော တောင်ပေါ်ကျေးရွာများဆိုလျှင် အချို့နေရာများ၌ လမ်းပင်မပေါက်။ ဆင်ဖြင့်တစ်ဖုံ၊ ခြေကျင်ဖြင့်တစ်သွယ်သာ ခရီးပေါက်၏။

ကွန်ရက်သဖွယ် ဖောက်လုပ်

သို့ကလိုကြောင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခု ၂၀၁၀-၂၀၁၁ခုနှစ်အတွင်း သစ်ကြီးတိုင်း - ဆယ်ပြင် - သက္ကာယ်ကျင်းလမ်း၊ အေးချမ်းသာ-သစ်ကြီးတိုင်းရွာလမ်း၊ သစ်ကြီးတိုင်း-ကျော်တောလမ်း၊ ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာလမ်း၊ နှောကန် - စပါးစေ့ - ကိုင်းတွင်းရွာလမ်း၊ အင်ကြင်းစု-လက်ပုကန်ရွာလမ်း၊ မွေ့တုံ-ညောင်ကုန်းရွာလမ်း၊ ပုလဲ - ပခုက္ကူ - အေးကုန်းရွာလမ်း၊ မြောက်ပိတောက်ကုန်း-ပေါက်သဖ-စည်ပင်လမ်းအပါအဝင် စုစုပေါင်းကျေးရွာချင်းဆက်လမ်းပေါင်း ကိုးလမ်း၊ ခရီးမိုင်အားဖြင့် ၂၉ မိုင်ကို ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိသည်။

ပံ့ပိုးကူညီ

မူလက အဆိုပါ ကျေးရွာချင်းဆက်လမ်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိရာတွင် လူအားသက်သက်ဖြင့်သာ ဆောင်ရွက်ကြရန် ကနဦးစီစဉ်ခဲ့ကြ၏။

သို့သော် နိုင်ငံ့တာဝန်များနှင့် ဝန်ကြီးဌာန၏ များပြောင်လှသော လုပ်ငန်းတာဝန်များကြားမှ ပုလဲမြို့၏ ဒေသဖွံ့ဖြိုးရေးကို အစဉ် တွေးဆမြော်မြင်ကြံဆဆောင်ရွက်ပေးနေသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးအဘ ဦးကျော်ဆန်း၏ ပံ့ပိုးကူညီ စီစဉ်ဆောင်ရွက်ပေးမှု၊ ရွှေတောင်ကုမ္ပဏီက ဒိုဇာစက်ယာဉ်ယန္တရားကြီးများဖြင့် အခမဲ့ဆောင်ရွက်ပေးမှုတို့ကြောင့် ကျေးရွာချင်းဆက်လမ်းများကို အချိန်တိုကာလအတွင်း လျင်မြန်ချောမွေ့စွာ ဖောက်လုပ်ဆောင်ရွက်နိုင်ခဲ့ပေသည်။

ဖောက်လုပ်ပြီးစီး

ယခုအခါ ကျေးရွာချင်းဆက်လမ်းပိုင်း ကိုးလမ်းအနက် အေးချမ်းသာ-သစ်ကြီးတိုင်းလမ်း (၄/၃)မိုင်၊ သစ်ကြီးတိုင်း-ဆယ်ပြင်-သက္ကာယ်ကျင်းလမ်း(၂/၄)မိုင် အပြင် သစ်ကြီးတိုင်း - ကျော်တောလမ်း (၂/၀)မိုင်ကိုပါ အပို ဖောက်လုပ်ပြီးစီးနိုင်ခဲ့ပြီး ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာလမ်း (၆/၀)မိုင်ကို ဆက်လက်ဖောက်လုပ်နေဆဲ ဖြစ်သည်။

ဖောက်လုပ်ဆဲ ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက် လမ်းပိုင်း၏ ပြီးစီးမှုအပိုင်းကို တွေ့ရစဉ်။

အေးချမ်းသာ-သစ်ကြီးတိုင်း ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီးမှုကို ဤသို့တွေ့ရစဉ်။

ကူးလူးယှက်နွယ်သွားလာမယ်

အဆိုပါ အေးချမ်းသာ-သစ်ကြီးတိုင်းလမ်း၊ သစ်ကြီးတိုင်း-ဆယ်ပြင်-သက္ကာယ်ကျင်းလမ်းနှင့် သစ်ကြီးတိုင်း-ကျော်တောကျေးရွာချင်းဆက်လမ်းများ လတ်တလော ဖောက်လုပ်ပြီးစီးခဲ့မှုကြောင့် ပုလဲမြို့နယ်၏ တောင်ပေါ်ဒေသ မြောက်ဘက်ခြမ်းအပိုင်း ကျေးရွာများရှိ ဒေသခံပြည်သူများသည် မြောက်ယမားဆည်လမ်းဖြစ်သော ဖလံပင်မှတစ်ဆင့် ယင်းလမ်းများအတွင်းရှိ ဝက်ကျတိုက်နယ်ဆေးရုံ၊ ဝက်ကျအခြေခံပညာအထက်တန်းကျောင်းသို့ လွယ်လင့်တကူသွားလာနိုင်ကြပြီး ဝက်ကျ

ကျေးရွာ-လဲကန်ကျေးရွာမှတစ်ဆင့် ပုလဲ-ဂန့်ဂေါလမ်းပေါ်သို့ လည်းကောင်း၊ ဖလံပင်-ဆည်ဘောင်လမ်းရှိ ကျေးရွာများသို့ လည်းကောင်း အပြန်အလှန် လွယ်လင့်တကူ ကူးလူးယှက်နွယ် သွားရောက်နိုင်ကြပြီဖြစ်ပေသည်။

ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်

ယခင်က ခြေကျင်ခရီးသက်သက်ဖြင့်သာ ကူးလူးယှက်နွယ်သွားလာနေကြရသော ဒေသခံပြည်သူများသည် ယခုမူ နတ်ရေကန်အတွင်း ပစ်ချလိုက်သို့နှယ် နေ့ချင်းညချင်း စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်ဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနေကြသည်ကို မြင်တွေ့ရခိုက် ဝယ် အဟောဝတ ကောင်းလေစွဟု မုဒိတာပွားမိရပေသည်။

အိပ်မက်လေလား ထင်မှတ်မှား

ထို့အတူ သံတောင်-ဇီတ္တောင့်-မယင်း - ဘန့်ဘွေး - ခင်သာ-အေးချမ်းသာ-သဲပြင်ကျယ်၊ စစ်ရင်-တောင်ရင်း-ဆယ်ကြီး-ဘန့်ဘွေး-မယင်း-ခင်သာ၊ ဝက်ကျ-လယ်ပုလင်-ခရု-ဝမ်းဘဲဥ-ဂျပ်-အင်တိုင်းသာ-ကျော်တော-သစ်ကြီးတိုင်း၊ ကြက်ရင်း-ခေါင်းပွာ-ပေါက်ပင်ချောက်-ငန်းချောင်း - ပေပင် - ရေကြော -

ရွှေတောင်ကုမ္ပဏီစီမံကိန်း ဒါရိုက်တာ ဦးဇော်မင်းဦးက "ကျေးရွာ ချင်းဆက်လမ်းများ ဖောက်လုပ်ရာတွင် စက်ယန္တရားကြီးများကို အခမဲ့ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေနှင့် လမ်းမိုင်ပေါင်း ၂၉ မိုင် ပြီးစီးသွားသည်အထိ ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ရှင်းပြစဉ်။

လက်ပံနှင့် မြိုင်မြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ၂၉၇၁ ဦးတို့သည် မိမိတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးအပါအဝင် ကဏ္ဍအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုကို အိပ်မက်လေလားဟု ယခုတိုင်ထင်မှတ်မှားနေကြဆဲ။ လက်သည်းဖြင့် ဆိတ်ကြည့်မှ တကယ့်ကိုယ်တွေ့ကြုံနေကြ၍ ပြောမပြတတ်အောင်ပင် ဝမ်းမြောက်ကျေးဇူးတင်နေကြသည်ကို ဇဝ်မေသုတံ ဤသို့တွေ့မြင်ကြားသိခဲ့ရ၏။

မေတ္တာပို့သ

တောင်ပေါ်ကျေးရွာများဖြစ်သည့် ကြက်ရင်းကျေးရွာမှ အသက်(၆၄)နှစ်အရွယ်ရှိ ဦးကျော်သန်းက "ကြက်ရင်း - ခေါင်းပွာ - လက်ပံရွာ ကျေးရွာချင်းဆက်လမ်း ပြီးစီးသွားလို့ အဘတို့တစ်ရွာလုံး ဝမ်းမြောက်

ဖောက်လုပ်ဆဲ ကြက်ရင်း-ခေါ်

တွေ့ရစဉ်။

...ဖောက်လုပ်ပေးလျက်ရှိ၊ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်ဖြင့် အလွယ်တကူသွားလာနိုင်ပြီ

တောင်ရင်း-ဆယ်ကြီး-ဘန့်ဘွေး-မယင်း-ခင်သာ၊ ဝက်ကျ-လယ်ပုလင်-ခရု-ဝမ်းဘဲ၃-ဂျပ်-အင်တိုင်းသာ-ကျော်တော-သစ်ကြီးတိုင်း၊ ကြက်ရင်း-ခေါင်းပွာ-ပေါက်ပင်ချောက်-ငန်းချောင်း - ပေပင် - ရေကြော - ဝမ်းသာဖြစ်နေကြရပါတယ်။ အရင်ကဆို အဘတို့ရွာတွေ ဒီလိုဘယ်ဟုတ်လိမ့်မတုံး။ မိုးတွင်းဆို ဆန်တစ်အိတ်ကို လူငှားလေးယောက်ငှားပြီး သယ်ရတဲ့အထိပဲ။ အခု ဒီလိုဆိုင်ကယ်တွေ၊ ကားတွေနဲ့ သွားလို့ရတဲ့အဖြစ်ကို အိပ်မက်ထဲတောင်ထည့်မမက်ခဲ့မိဘူး။ ဒါကြောင့် အဘတို့ရွာတွေသာမက မြိုင်မြို့နယ်ဘက်က ကျေးရွာတွေပါ အရမ်းဝမ်းသာနေကြတယ်။ နိုင်ငံတော်အစိုးရနဲ့ ဝန်ကြီး ဦးကျော်ဆန်းအပါအဝင် ဌာနဆိုင်ရာများ၊ ရွှေတောင်ကုမ္ပဏီမှ တာဝန်ရှိသူအပေါင်းကို ကျေးဇူးတင်လွန်းလို့ နေ့တိုင်းမေတ္တာပို့သရပါတယ်" ဟု ရင်တွင်းခံစားချက်ကို ပြောပြပါသည်။

ရွှေတောင်ကုမ္ပဏီစီမံကိန်းဒါရိုက်တာ ဦးဇော်မင်းဦးက "ကျေးရွာ ချင်းဆက်လမ်းများဖောက်လုပ်ရာတွင် စက်ယန္တရားကြီးများကို အခမဲ့ ကူညီပံ့ပိုးဆောင်ရွက်ပေးမှုအခြေအနေနှင့် လမ်းမိုင်ပေါင်း ၂၉ မိုင်ပြီးစီးသွားသည်အထိ ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ရှင်းပြစဉ်။

ကျေးဇူးအထူးတင်

ခေါင်းပွာကျေးရွာမှ အဘွားဒေါ်ဂျမ်းတင်ကမူ "အဘွားတို့ရွာမှာ အခုလမ်းပန်းဆက်သွယ်ရေး ကောင်းလာလို့ သွားရေးလာရေးလွယ်ကူပြီး ရွာလည်း အတော်ကို ပြောင်းလဲလာပါပြီ။ ကျန်းမာရေးအတွက်ဆို ပုလဲမြို့အထိ အချိန်တိုအတွင်း အလွယ်တကူ သွားလာနိုင်ကြပါပြီ။ ယခုလို လမ်းဖောက်ပေးတဲ့အတွက် အားလုံးကို ကျေးဇူးအထူးတင်ပါတယ်" ဟု ဆိုရှာသည်။

အစစအရာရာအဆင်ပြေ

အဆိုပါ ရွာမှ ဒေါ်ညိုက "ကျွန်မတို့ တောင်ပေါ်ရွာတွေမှာ အရင်က သွားလာရေးခက်ခဲပါတယ်။ ခြေကျင်လျှောက်ရင်လျှောက်၊ မလျှောက်ချင်ရင် လှည်းစီးသွားရပါတယ်။ နေထိုင်မကောင်းရင်လည်း ဆေးရုံသွားဖို့ခက်ခဲတယ်။ အခုတော့ ကျေးရွာချင်းဆက်လမ်းတွေ ဖောက်လုပ်ပေးတဲ့အတွက် အစစအရာရာ အဆင်ပြေကုန်ကြပါပြီ" ဟု ပြောပြသည်။

စက်ဘီး၊ ဆိုင်ကယ်နဲ့ ကျောင်းတက်မယ်

အလားတူ အဆိုပါရွာမှ သမီးပျိုလေးများကလည်း "သမီးတို့ အရင်ကျောင်းတက်စဉ်က သွားရေးလာရေး ခက်ခဲပါတယ်။ ခြေကျင်သွားကြရတာဆိုတော့ ကျောင်းကို အချိန်စောပြီး သွားရတယ်။ မိုးတွင်းဆို ပိုသွားရခက်တယ်။ အခု သမီးတို့အားလုံး ဘွဲ့ရပြီးကြပါပြီ။ သမီးတို့ကျောင်းတက်စဉ်က သွားရလာရတာ ခက်ခဲခဲ့ပေမယ့် အခု သမီးတို့ကျေးရွာက ကလေးတွေကတော့ ကံကောင်းကြပါတယ်။ ကျေးရွာချင်းဆက်လမ်းတွေ ပေါ်လာတဲ့အတွက် အများစုက စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ ကျောင်းတက်နိုင်ကြပါပြီ။ သူတို့ကိုယ်စား အရမ်းဝမ်းသာပါတယ်"ဟု ပီတိစကားများ ဆိုကြသည်။

အခြားဝက်ကျကျေးရွာအပါအဝင် တောင်ပေါ်ကျေးရွာများမှ ဒေသခံပြည်သူအပေါင်းကလည်း တညီတညွတ်တည်း ကျေးဇူးတင်ဝမ်းမြောက်စကား ဆိုကြသည်။

မေတ္တာဖြင့်ကူညီ

ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ရာတွင် ဒိုဇာစက်ယာဉ်ယန္တရားကြီးများကို မေတ္တာဖြင့် အခမဲ့ပံ့ပိုးကူညီပေးသည့် ရွှေတောင်ကုမ္ပဏီမှ စီမံကိန်း ဒါရိုက်တာ ဦးဇော်မင်းဦးကလည်း "ကျွန်တော်တို့ ကုမ္ပဏီက စစ်ကိုင်း-မုံရွာ/ရွှေဘိုလမ်းပိုင်းကို BOT စနစ်ဖြင့် လက်ရှိဆောင်ရွက်နေပါတယ်။ ပုလဲမြို့နယ်အတွင်းက ကျေးရွာချင်းဆက်လမ်းတွေ အမြန်ဆုံးပြီးစီးရေးအတွက် ဒိုဇာစက်ယာဉ်ယန္တရားကြီးအကူအညီနဲ့ ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က စတင်ပြီး အခမဲ့လာရောက် ပံ့ပိုးဆောင်ရွက်ပေးခဲ့တာပါ။ ကုမ္ပဏီက ဝန်ထမ်းအချို့နဲ့ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အခါအားလျော်စွာလာရောက်ပြီး ကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ကျေးရွာချင်းဆက်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳



ကြက်ရင်းကျေးရွာမှ အသက်(၆၄)နှစ်အရွယ်ရှိ ဦးကျော်သန်းက "ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်း ပြီးစီးသွားသဖြင့် တစ်ရွာလုံး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြကြောင်း၊ ကူညီဆောင်ရွက်ပေးကြသူများအား ကျေးဇူးတင်လွန်း၍ နေ့တိုင်းမေတ္တာပို့သရပါကြောင်း" ဖြင့် ရင်တွင်းခံစားချက်ကို ပြောပြစဉ်။

ယခင်က ခြေကျင်ခရီးသက်သက်ဖြင့်သာ ကူးလူးယုက်နွယ်သွားလာနေကြရသော ဒေသခံပြည်သူများသည် ယခုမူ နတ်ရေကန်အတွင်း ပစ်ချလိုက်သို့နှယ် နေ့ချင်းညချင်း စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်ဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနေကြသည်ကို မြင်တွေ့ရခိုက်ဝယ် အဟောဝတကောင်းလေစွဟု မုဒိတာပွားမိ။

လက်ပံနှင့် မြိုင်မြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူ၂၃၉၇၁ ဦးတို့သည် မိမိတို့၏ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးအပါအဝင် ကဏ္ဍအလိုက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုကို အိပ်မက်လေလားဟု ယခုတိုင်ထင်မှတ်မှားနေကြဆဲ။ လက်သည်းဖြင့် ဆိတ်ကြည့်မှ တကယ့်ကိုယ်တွေ့ကြုံနေကြ၍ ပြောမပြတတ်အောင်ပင် ဝမ်းမြောက်ကျေးဇူးတင်နေကြသည်ကို ဇဝံမေသုတံ ဤသို့တွေ့မြင်ကြားသိခဲ့ရ၏။

မေတ္တာပို့သ

တောင်ပေါ်ကျေးရွာများဖြစ်သည့် ကြက်ရင်းကျေးရွာမှ အသက်(၆၄)နှစ်အရွယ်ရှိ ဦးကျော်သန်းက "ကြက်ရင်း - ခေါင်းပွာ - လက်ပံရွာ ကျေးရွာချင်းဆက်လမ်း ပြီးစီးသွားလို့ အဘတို့တစ်ရွာလုံး ဝမ်းမြောက်

ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်းအား ရွှေတောင်ကုမ္ပဏီမှ စက်ယန္တရားကြီးများကို အသုံးပြု၍ ဖောက်လုပ်နေစဉ်။

ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကားများ ဤသို့ သွားလာနေသည်ကို တွေ့ခဲ့ရသည်။

ဖောက်လုပ်ဆဲ ကြက်ရင်း-ခေါင်းပွာ-လက်ပံရွာ ကျေးရွာချင်းဆက်လမ်းပိုင်း၏ ပြီးစီးမှုအပိုင်းကို တွေ့ရစဉ်။

ခေါင်းပွာကျေးရွာမှ အဘွား ဒေါ်ဂျမ်းတင်က“လမ်းပန်းဆက်သွယ်ရေးတွေကောင်းလာသဖြင့် သွားရေးလာရေး လွယ်ကူပြီး ရွာလည်း အတော်ကို ပြောင်းလဲလာပြီဖြစ်ရာယခုလိုလမ်းဖောက်ပေးသည့်အတွက် အားလုံးကို ကျေးဇူးတင်ပါကြောင်း” ဖြင့် ပြောကြားသည်။

✻ စာမျက်နှာ ၉ မှ

လမ်းပေါင်း ကိုးလမ်း၊ လမ်းမိုင်ပေါင်း ၂၉ မိုင်ပြီးစီးသွားသည်အထိ မေတ္တာဖြင့် ဆက်လက်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်” ဟု ရှင်းပြပါသည်။

ဆက်လက်ဆောင်ရွက်

တစ်ဆက်တည်းမှာပင် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးကလည်း “ကျေးရွာချင်းဆက်လမ်းများ စတင်ဖောက်လုပ်ရန် စီစဉ်ခဲ့မှု၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၏ ပံ့ပိုးကူညီစီစဉ်ပေးမှု၊ ရွှေတောင်ကုမ္ပဏီက ဒိုဇာစက်ယာဉ်ကြီးများ အပါအဝင် မေတ္တာဖြင့် အခမဲ့ ကူညီဆောင်ရွက်ပေးမှု၊ ကျေးရွာချင်းဆက်လမ်းများ လက်ရှိပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု” တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပေးသည်။

မျက်မှောက်ကျေးလက်မြင်ကွင်း

နိုင်ငံတော်အစိုးရသည် ကျေးလက်နှင့် မြို့ပြ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို နိုင်ငံအဝန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ရာတွင် မျက်မှောက်ကာလ ကျေးလက်ဒေသများ၏ မြင်ကွင်းအဖုံဖုံသည်လည်း ယခင်နှင့် ယခု လားလားမျှ မတူတော့ပေ။

ယခင်က နွားလှည်းနှင့် စက်ဘီးများ နေရာတွင် ယခု ဆိုင်ကယ်၊ ထော်လာဂျီနှင့် ယာဉ်မျိုးစုံတို့ဖြင့်။ ယခင်က ကျွဲနှင့် နွားနှင့် ဖက်၍ ထွန်ယက် စိုက်ပျိုးခဲ့ရာမှ ယခု လယ်ယာသုံး လက်တွန်းထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများ ကိုယ်စီဖြင့်။ ယခင်က တစ်သီးသာစိုက်ပျိုးနိုင်ခဲ့သည့် ဒေသများတွင် ယခု ဆည်ရေအစွမ်းဖြင့် နှစ်သီး သုံးသီး လက်ဖျားငွေသီးလျက်။ ယခင်က လမ်းမပေါက်၍ ခြေကျင်ခရီးသာသာ သွားလာခဲ့ကြရသည့် ဒေသများတွင် ယခုဆိုမူ ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက် လမ်းများပေါ်တွင် အပြန်-အပြန်လားဟေ့၊ အသွား-အသွားပါကွဲ့ဆိုသို့နှယ် ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်ဖြင့် လူးလာခေါက်တုံ့ဖြင့် သွားလာနိုင်ကြချေပြီ။

အပြိုင်းအရိုင်းပေါ်ထွန်းလာ

ပုလဲမြို့နယ်အတွင်းဆိုပါမူလည်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၏ ပံ့ပိုးကူညီစီစဉ်ပေးမှု၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၏ ပူးပေါင်းကြိုးကြပ်ဆောင်ရွက်မှု၊ ရွှေတောင်ကုမ္ပဏီ၏ မေတ္တာဖြင့် ပါဝင်ကူညီမှုတို့ဖြင့် ကျေးရွာချင်းဆက်လမ်း စုစုပေါင်း ကိုးလမ်းသည်လည်း မကြာမီကာလအတွင်း အပြိုင်းအရိုင်း ပေါ်ထွန်းလာချေတော့မည်။ အဆိုပါလမ်းများပြီးစီးပါက ဒေသတွင်းရှိ အိမ်ထောင်စုပေါင်း ၇၇၃၃ စု၊ လူဦးရေပေါင်း ၅၄၇၆၅ ဦးတို့သည် ရွာနီးချုပ်စပ် တစ်ရွာနှင့် တစ်ရွာ ဥဒဟိုအပြန်အလှန် ကူးလူးယှက်နွယ် သွားလာနိုင်ကြပေဦးမည်။ လူမှုစီးပွားဘဝ အဝဝလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပေဦးမည်။

၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း ပုလဲမြို့နယ်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဖောက်လုပ်ပြီးစီးခဲ့သည့် ရွာနောင်-ချင်းပြစ်လမ်း-ပုလဲ-လိန်ကုန်းရွာလမ်း၊ ပုလဲ-ကံကြီး-မကျီးခွ-ညောင်ကုန်းလမ်း၊ ကုက္ကိုကုန်း-နွယ်ရှောက်ရွာလမ်း၊ ထိန္နဲ-ဇီးရင်းရွာလမ်း၊ ပုလဲ - ဂန့်ဂေါ - သရက်ရွာလမ်း၊ ကျေးသမ္ဘား - ခေါ်သန္တိ - သီတင်း-ကံကြီးလမ်းနှင့် ပုလဲ-ဂန့်ဂေါ-ကျွန်းဘိုကုန်းလမ်းအပါအဝင် စုစုပေါင်း ရှိရင်းစွဲ ကျေးရွာချင်းဆက်လမ်း ရှစ်လမ်းနှင့် ထပ်မံပေါင်းသော ပုလဲမြို့နယ်အတွင်း၌ ကျေးရွာချင်းဆက်လမ်းများကား ကွန်ရက်သဖွယ် ဖြစ်ထွန်းပေါ်ပေါက်လာဦးမည် ဖြစ်ပေသည်။

ခေါင်းပွာကျေးရွာမှ သမီးပျိုလေးများက “သမီးတို့ အရင်ကျောင်းတက်စဉ်က သွားရေးလာရေး ခက်ခဲခဲ့ပါတယ်။ ယခု ကျေးရွာချင်းဆက်လမ်းတွေ ပေါ်ပေါက်လာတဲ့အတွက် အများစုက စက်ဘီး၊ ဆိုင်ကယ်တွေနဲ့ ကျောင်းတက်နိုင်ပြီဖြစ်လို့ သူတို့ကိုယ်စား အရမ်းဝမ်းသာရပါတယ်” ဟု ဝမ်းသာစကားပြောကြားစဉ်။

ခေါင်းပွာကျေးရွာမှ ဒေါ်ညို က “ကျွန်မတို့တောင်ပေါ်က ရွာတွေမှာ အရင်က သွားလာရေးခက်ခဲပါတယ်၊ အခုတော့ ကျေးရွာချင်းဆက် လမ်းတွေ ဖောက်လုပ်ပေးတဲ့အတွက်အစစအရာရာ အဆင်ပြေကုန်ကြပါပြီ”ဟု ပြောကြားသည်။

တွေးဆထင်မြင်

ပုလဲမြို့၏ ခေတ်သစ်သမိုင်းသည် ဘယ်သူပြိုင်၍ လှပနိုင်အံ့။ နောင်သားစဉ်မြေးဆက်အထိ ခံစားစံစားနိုင်စေမည့် အဆိုပါ ကျေးရွာချင်းဆက် လမ်းပိုင်းများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရနှင့် ပံ့ပိုးကူညီစီစဉ်ပေးခဲ့သူ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း၊ မြို့နယ်ဌာနဆိုင်ရာများ၊ စေတနာရှင်များ၏ ကောင်းမှုကံစေတနာတို့ကိုလည်း နှိုင်းဆ၍ ရနိုင်ပါအံ့။ ဒေသဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထိုထိုအရပ်ဒေသတို့မှ နိုင်ငံတော်ကို အကျိုးပြုမည့် တိုင်းကျိုးပြည်ပြု လူ့စွမ်းအားအရင်းအမြစ်ပေါင်း မည်မျှထပ်မံပေါ်ထွက်လာဦးမည်ကိုလည်း မှန်းဆ၍ ရနိုင်ပါအံ့ဟု ပုလဲမြို့က အပြန်ခရီးဝယ် တွေးဆထင်မြင် ယူဆမိပါသည်။ ။

ပုလဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသစ်ဖောက်လုပ်မည့် လမ်းများစာရင်း

စဉ်	လမ်းအမည်	အကွာအဝေး		အကျိုးသက်ရောက်သည့် ကျေးရွာများ	အိမ်ထောင်စု	လူဦးရေ
		မိုင်	ဖာလုံ			
၁	အေးချမ်းသာ-သစ်ကြီးတိုင်း	၄	၃	သံတောင်-ဇီတ္တောင့်-မယင်း-ဘန့်ဘွေး-ခင်သာ-အေးချမ်းသာ-သဲပြင်ကျယ်	၁၁၈၉	၈၂၁၇
၂	သစ်ကြီးတိုင်း-ဆယ်ပြင်-သက္ကယ်ကျင်း	၂	၄	စစ်ရင်-တောင်ရင်း-ဆယ်ကြီး-ဘန့်ဘွေး-မယင်း-ခင်သာ	၁၀၃၅	၈၁၆၅
၃	သစ်ကြီးတိုင်း-ကျော်တော	၂	-	ဝက်ကျ-လယ်ပလင်-ခရု-ဝမ်းဘဲဥ-ဂျပ်-အင်းတိုင်သာ-ကျော်တော-သစ်ကြီးတိုင်း	၁၁၃၄	၇၅၈၉
၄	ကြက်ရင်း-ခေါင်းပွာ-လက်ပံ	၆	-	ကြက်ရင်း-ခေါင်းပွာ-ပေါက်ပင်ချောက်-ငန်းချောင်း-ပေပင်-ရေကျော-လက်ပံနှင့် မြိုင်မြို့နယ်မှ ကျေးရွာများ	၉၅၇	၆၁၄၇
၅	နှောကန်-စပါးစေ့-ကိုင်းတွင်း	၃	-	စပါးစေ့-ကိုင်းတွင်း-နှောကန်	၂၄၆	၂၇၀၈
၆	အင်ကြင်းစု-လက်ပုကန်	၅	-	အင်ကြင်းစု-လက်ပုကန်	၆၄၂	၃၁၅၉
၇	မွေ့တုံ-ညောင်ကုန်း	၂	၄	ညောင်ကုန်း-မွေ့တုံ-နွားကူး-မင်းရွာနှင့် မြိုင်မြို့နယ်မှ ကျေးရွာများ	၈၅၃	၅၈၅၀
၈	ပုလဲ-ပခုက္ကူလမ်း-အေးကုန်း	၁	-	ပုလဲ-အေးကုန်း	၁၀၁၁	၇၁၅၇
၉	မြောက်ပိတောက်ကုန်း-ပေါက်သဖ-စည်ပင်	၂	-	မြောက်ပိတောက်ကုန်း-စည်ပင်-ပဲခင်းမ-ကြိုပင်-သပြေရေ-ကံသာ-အောင်သာနှင့် ယင်းမာပင်မြို့နယ်နှင့် ကျေးရွာများ	၆၆၆	၅၇၇၃
	စုစုပေါင်း	၂၈	၃		၇၇၃၃	၅၄၇၆၅

ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော် မတည်ငွေနှင့် ကျေးရွာပြည်သူလူထု လှူဒါန်းငွေတို့ဖြင့် ဆောက်လုပ်ခဲ့သည့် ထားဝယ်မြို့နယ် သဗျာကျေးရွာ ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုး၊ တနင်္သာရီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းနှင့် သဗျာကျေးရွာဥက္ကဋ္ဌ ဦးထွန်းရှိန်တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ကို ထားဝယ်ခရိုင်ဥက္ကဋ္ဌ ဦးလှမျိုး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွန်းနှင့် သဗျာကျေးရွာဥက္ကဋ္ဌ ဦးထွန်းရှိန်တို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား မျက်စိခွဲစိတ်ကုသပေးမှု လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် နေပြည်တော်မှ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့သို့ ရောက်ရှိကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ☆

"ပုလဲမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးလျက်ရှိ၊ ယာဉ်ကြီး၊ ယာဉ်ငယ်အသွယ်သွယ်ဖြင့် အလွယ်တကူသွားလာနိုင်ပြီ"

မောင်မောင်ထွေး(သတင်းစဉ်)၏ သတင်းဆောင်းပါး-စာမျက်နှာ (၈၊၉၊၁၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ မျက်စိခွဲစိတ်ခန်းအတွင်း မျက်စိအထူးကုဆရာဝန်ကြီးများက မျက်စိခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)